

စာစဉ် - ၁၀

# အမှိုက်ကောင် ပြန်ရှင်လာပြီ

# အပိုင်း ၁၃၁

ရီဖန်က ကျွင်းဟောင်၏အနားသို့ လျှောက်လာကာ ပြော၏။

"သခင်လေးကျွင်းက ဘယ်နေရာသွားသွား ကျော်ကြားနေတာပဲ"

ကျွင်းဟောင်က ရီဖန်ကို ကြည့်သည်။

"ဟုတ်လား၊ ရှောက်ရှန်က မင်းကို မကြိုက်တာ ဆိုးတာပဲ"

"သခင်လေးက အမြင်ကောင်းရှိတယ်၊ သခင်လေးကျွင်းက အရမ်းကောင်းတာမှန်ပေမယ့် ကျွန်တော့်သခင်လေးရဲ့ အဆင့်အတန်းကို မမှီသေးဘူးလေ"

ရီဖန်က ပြောသည်။

ကျွင်းဟောင် "..."

"မင်းရဲ့သခင်လေးက အဲဒီလောက် မျှော်လင့်ချက်ကြီးနေမှတော့ တစ်ယောက်နဲ့မှ ရမှာမဟုတ်ဘူး၊ ဒါကိုသိလား"

ရှန်းယွမ်က မေးသည်။

ရီဖန်က ရှန်းယွမ်ကို ကြည့်ကာ ပြော၏။

"သခင်လေးရှန်း၊ သခင်လေး ကိုယ့်ကိုယ်ကိုပဲ စိတ်ပူသင့်တယ်ထင်တယ်၊ ကျွန်တော့်ရဲ့သခင်လေးကို စိတ်ပူဖို့မလိုအပ်ဘူး၊ ကျွန်တော့်သခင်လေးက အရမ်းကံကောင်းတာ၊ ကျွန်တော့်သခင်လေးက ကံကောင်းရုံတင်မကဘူး၊

စီးပွားရေးလုပ်ငန်းကြီးတွေကို ပိုင်ဆိုင်ထားသေးတော့ ဘယ်သူမဆို ယူလို့ရတယ်လေ"

ရှန်းယွမ်က ပြောသည်။

"ဒါဆို မင်း ဒီနားကို ဘာလာလုပ်တာလဲ"

"လုပ်ငန်းတစ်ခုပေါ့"

"ဘာလုပ်ငန်းလဲ"

ရီဖန်က သူ၏အိတ်ကို ဖွင့်ပြသည်။

"ကြိုက်ရာယူလိုက်"

ရှန်းယွမ်က ထိုအိတ်ရှိအရာတွေကို ကြည့်ပြီးမျက်နှာမဲ့သွားသည်။

"ဒါက လူသားသားရေမျက်နှာဖုံးတွေပဲ၊ ရုပ်ဆိုးလိုက်တာ"

ရီဖန်က ခေါင်းညိတ်သည်။

"ဟုတ်တယ်၊ လီပြည်နယ်ကို သွားဖို့လိုအပ်တယ်၊ မြန်မြန်သွားဖို့လိုအပ်တော့ ကျွင်းဟောင်က လိပ်ပြာတွေကို အရမ်းဆွဲဆောင်နေလို့ အရှိန်ကို လျော့ကျစေတယ်"

ရှန်းယွမ်က ဘူးထဲမှ မျက်နှာဖုံးများကို ထုတ်ကာ ပေးသည်။

"အားဟောင် မင်း တစ်ခုတော့ ရွေးသင့်တယ်၊ မင်းသာ ရုပ်ဆိုးသွားမယ်ဆိုရင် ဘယ်သူကမှ မင်းကို လိုက်ကပ်နေတော့မယ် မထင်ဘူး"

ရှန်းယွမ်က ထပ်ဖြည့်ပြောသည်။

"ရီဖန် ဒီကောင်က ပစ္စည်းကောင်းတွေတော့ လုပ်ထားနိုင်သားပဲ၊ အံ့ဩစရာကောင်းတာက ဒီလိုအရာမျိုးတွေကိုတောင် အကြံပေးလာမယ်လို့ မထင်ထားတာပဲ"

ကျွင်းဟောင်က ရီဖန်ကို ကြည့်ပြီး အလေးအနက်ပြောသည်။

"ငါ ရုပ်ဆိုးအောင်လုပ်ဖို့ မလိုအပ်ပါဘူး"

"ဘာလို့လဲ"

ရီဖန်က မေးသည်။

"သခင်လေးက ရုပ်ရည်ကို အရမ်းဂရုစိုက်တာလား၊ သခင်လေးကျွင်း သခင်လေး သိဖို့လိုအပ်တာက ရုပ်ရည်ဆိုတာ အရေပြားသက်သက်ပဲ၊ ကိစ္စကြီးမှ မဟုတ်တာ၊ သခင်လေးမှာ ထူးခြားတဲ့စွမ်းအင် ရှိနေသမျှ ကာလပတ်လုံး ကိစ္စမရှိတော့ဘူး၊ အထူးသဖြင့် စိတ်လှဖို့က အရေးအကြီးဆုံးပဲ"

"ရှောက်ရှန်က အလှကြိုက်တယ်၊ ငါ ရုပ်ဆိုးနေရင် ငါ့ကိုပစ်သွားမှာပေါ့"

ကျွင်းဟောင်က အလေးအနက်ပြောသည်။

"ဘယ်သူပြောလဲ"

"ရှောက်ရှန်က နတ်ဆိုးသမားတော် ဖြစ်တုန်းက ပြောခဲ့တာလေ"

ကျွင်းဟောင်က ပြောသည်။

ရီဖန် "..."

"မင်း မှားနေပြီ၊ သခင်လေးက သူ့ထက်ရုပ်ဆိုးတဲ့သူကိုပဲ သဘောကျတာ၊ သူ့ထက်ပိုပြီး ကြည့်ကောင်းနေရင် သူ စိတ်နှစ်ပြီး မနာလိုဖြစ်နေရတာ"

ကျွင်းဟောင်က တွေးတောကာ ပြော၏။

"ဟုတ်ပါ့မလား"

ရီဖန်က ခေါင်းညိတ်သည်။

"သေချာတာပေါ့၊ ငါ ချီရှောက်ရှန်ကို သိတာ နှစ်များစွာကြာခဲ့ပြီ၊ မင်း ထက်ပိုပြီးတော့တောင် သိသေးတယ်"

ကျွင်းဟောင်က ရီဖန်ကို စိုက်ကြည့်သည်။

"လူတစ်ယောက်ကို နားလည်ဖို့ဆိုတာက အချိန်အကြာကြီးသိတာနဲ့မဆိုင်ဘူး"

ရီဖန်က ခေါင်းညိတ်သည်။

"ဟုတ်တယ် နားလည်သဘောပေါက်ဖို့က အခွင့်အရေးတစ်ရပ် လိုအပ်တယ်၊ သခင်လေးကျွင်းလိုပေါ့၊ သခင်လေးကျွင်းက နတ်ဆိုးသမားတော်နဲ့ အချိန်အကြာကြီး ရှိနေခဲ့ပေမယ့် ကိုယ်စေ့စပ်ပွဲ ဖျက်သိမ်းထားတဲ့သူမှန်းတောင် မသိခဲ့ဘူးလေ"

ကျွင်းဟောင် "..."

ရှန်းယွမ် "..."

ရှန်းယွမ်က ရီဖန်ကို ကြည့်ကာ ကျိန်ဆဲသည်။

"ဒီကောင်က ကျွင်းဟောင်ကို ရန်စတဲ့နေရာမှာ တကယ်တော်တာပဲ၊ ကျွင်းဟောင်က အခုအရမ်းကိုကြောက်ဖို့ ကောင်းသွားပြီ"

"ချီရှောက်ရန်က ရုပ်ဆိုးတဲ့သူတွေကို ကြိုက်တာတကယ်လား"

ကျွင်းဟောင်က ရီဖန်ကို သံသယအပြည့်ဖြင့် ကြည့်ကာ မေး၏။

ရီဖန်က ကျွင်းဟောင်ကိုကြည့်သည်။

"သခင်လေးကျွင်း ဘာလို့ မစမ်းကြည့်တာလဲ၊ သခင်လေးကသာ ရုပ်ဆိုးသွားမယ်ဆိုရင် လိပ်ပြာတွေကို ဆွဲဆောင်မှာ မဟုတ်တော့ဘူးလေ"

ကျွင်းဟောင် "..."

"ငါ မင်းကို သံသယတွေနဲ့အတူ လက်ခံလိုက်မယ်"

ကျွင်းဟောင်က ပြောသည်။

ရီဖန်ကလည်း ပြုံး၏။

"ကျွင်းဟောင် ယုံကြည်သင့်တဲ့သူတွေကို ယုံကြည်တာက ကောင်းတယ်ဆိုတာ မင်း သိလာပါလိမ့်မယ်၊ အထူးသဖြင့် ငါ အရင်တုန်းကလည်း မင်းကို သတိပေးခဲ့ဖူးသားပဲ၊ စေ့စပ်ပွဲကို ဖျက်သိမ်းခဲ့တဲ့အတွက် မင်းနောင်တရမယ်ဆိုတဲ့ ကိစ္စလေ"

ကျွင်းဟောင်၏မျက်နှာက မဲ့သွားသည်။ ရီဖန်ပင်ဖြစ်စေ၊ ပိုင်လျှိုယွန်ပင်ဖြစ်စေ သူ့ကို ထိုသို့ သတိပေးခဲ့ဖူးသည်။ သို့သော် သူကသာ ခေါင်းမာခဲ့သူဖြစ်၏။

"မင်းတို့ ဘာလုပ်နေကြတာလဲ"

ချီရှောက်ရန်က အနားသို့ရောက်လာသည်။

"မင်း မင်းက ကျွင်းဟောင်လား"

ချီရှောက်ရန်က လူသားသားရေမျက်နှာဖုံးကို ဝတ်ထားသည့် ကျွင်းဟောင်ကို မေးသည်။ ကျွင်းဟောင်က ခေါင်းညိတ်၏

ချီရှောက်ရန် မျက်ခုံးပင့်လိုက်ကာ ရယ်သည်။

"ကျွင်းဟောင် ကျွင်းဟောင် ကျွင်းဟောင် မင်း အခုတော့ ရုပ်ဆိုးသွားပြီ၊ မင်း ဒီလိုရုပ်ဆိုးမယ်နေ့ရှိမယ်လို့ မထင်ထားဘူး၊ အရမ်းရုပ်ဆိုးတာပဲ"

ကျွင်းဟောင်က ချီရှောက်ရန်၏တုန့်ပြန်မှုကို ကြည့်ကာ မျက်နှာမဲမှောင်သွားသည်။

ရီဖန် ဒီအသုံးမကျတဲ့အကောင်၊ သူ့ကို အကြံဆိုးတွေ ပေးလိုက်တာပဲ။

ကျွင်းဟောင်က ဒါကိုဖြုတ်ရန် ကြံစည်သည့်အချိန်တွင် ချီရှောက်ရန်က တားသည်။

"မလုပ်နဲ့ အဆင်ပြေတယ်"

"အားဖန် မင်းလည်း တစ်ခုဝတ်လိုက်"

ချီရှောက်ရှန်က ပြောသည်။

ရီဖန် လန့်သွားသည်။

"အာ ငါရောလား"

ချီရှောက်ရှန်က ခေါင်းညိတ်သည်။

"အင်း"

ရီဖန် မျက်မှောင်ကြုတ်သည်။

"ငါတော့ ဝတ်ဖို့ လိုမယ်မထင်ဘူး၊ ငါက ရုပ်ဆိုးတယ်လေ"

ချီရှောက်ရှန်က ရီဖန်ကို ကြည့်ပြီးပြောသည်။

"ဘာလို့ ရုပ်ဆိုးရမှာလဲ၊ မင်းက အရမ်းဆွဲဆောင်မှုရှိလို့ မြို့တော်ရဲ့ အလှပဂေးသုံးယောက်ထဲက မူရှယ်လန်က မင်းကို ရွေးချယ်ခဲ့တာလေ၊ အခြားသူတွေကို ဘာလို့မရွေးလဲ၊ မင်းက သေချာပေါက် ခန့်ညားချောမောနေလို့ပေါ့"

ရီဖန် "..."

ရှန်းယွမ်၏နှုတ်ခမ်းတွေက ကော့တက်သွားကာတွေးလိုက်သည်။

"မူရှယ်လန်၊ ရီဖန်ကို ရွေးခဲ့တာက တိုက်ဆိုင်သွားလို့လေ၊ ရီဖန်က ရုပ်ချောနေလို့မှ မဟုတ်တာ၊ ပြီးတော့ ရီဖန်က ရုပ်ချောနေရင်တောင်မှ အရင်တုန်းက သူက အသုံးမကျတဲ့ အရှုံးသမားပဲ၊ အခု ကြည့်ကောင်းသွားတော့ သူ့ရဲ့အဆင့်အတန်းကြောင့် ထင်ပေါ်သွားတာဖြစ်မယ်"

"လာပါ တစ်ခုရွေးလိုက်"

"အားလုံးက ရုပ်ဆိုးတယ်"

ရီဖန်က ပြောသည်။

ကျွင်းဟောင်ကရီဖန်ကို တစ်ချက်ကြည့်ကာ တွေး၏။

ဒါတွေက ရုပ်ဆိုးမှန်း ဒီအကောင် သိသေးတယ်ပေါ့။

ချီရှောက်ရန်က ရီဖန်ကိုကြည့်သည်။

"ရုပ်ဆိုးတာ ကောင်းပါတယ်၊ ဒါက ရုပ်ဆိုးရုံလေးပဲလေ၊ ဘာလို့ အရမ်း မက်မောနေမှာလဲ"

ရီဖန်က အသက်ပြင်းပြင်းရှူကာ ပြော၏။

"သခင်လေး သခင်လေး ကျွန်တော့်ကို တင်းရှွယ်ရှေ့မှာ မျက်နှာသာတော့ ပေးပါ"

ချီရှောက်ရန်က ရီဖန်ကိုကြည့်သည်။

"တင်းရှွယ်က ရုပ်ဆိုးတဲ့သူကို သဘောကျတာလေ"

ကျွင်းဟောင်က တွေးသည်။

ဒါက ကံပဲ၊ ကံကြမ္မာအလှည့်အပြောင်းဆိုတာ ဒါပဲ၊ ခုနတုန်းက ရီဖန်က ချီရှောက်ရန်က ရုပ်ဆိုးတာကို ကြိုက်တယ်ဆိုပြီး သူ့ကို အတင်းဝတ်ခိုင်းတယ်၊ အခု ချီရှောက်ရန်ကလည်း တင်းရှွယ်က ရုပ်ဆိုးတာကို ကြိုက်တယ် ဆိုပြီး ပြန်ပြောပြီ။

ကျွင်းဟောင်က ရီဖန်၏ပုခုံးကို တတောက်တောက် ခေါက်ပြီးနောက် လူအိုကြီးပုံစံဖြင့် ပြောသည်။

"သခင်လေးရီ သခင်လေးရီ ရုပ်ရည်ကို ဘာတွေ ဂရုစိုက်နေတာလဲ၊ သိထားဖို့က ရုပ်ရည်ဆိုတာက အပေါ်ယံအရေပြားအလွှာပဲ၊ ကိစ္စကြီးမှ မဟုတ်တာ၊ ဘာတွေကို ထူးထူးခြားခြား တွေးနေမှာလဲ၊ ဒီအတိုင်း အတွင်းစိတ်လှဖို့ကပဲ အရေးကြီးတာပါ"

ရှန်းယွမ် မျက်နှာမဲ့သွား၏။

အနည်းဆုံး ချီရှောက်ရန်က ကျွင်းဟောင်အတွက် ကလဲ့စားချေပေးတာပဲ။

***

# အပိုင်း ၁၃၂

ရီဖန်က ချီရှောက်ရန်ကို ကြည့်ကာ ပြော၏။

"သခင်လေးသေချာရဲ့လား"

"ရှောက်ရန် ပြောတာအမှန်ပဲ၊ ငါ မူတင်းရှယ်ကို တွေ့ကတည်းက သူက ရုပ်ဆိုးတဲ့သူတွေကို ကြိုက်မှန်း ငါ သတိထားလိုက်မိတယ်"

ကျွင်းဟောင်ကလည်း ဝင်ပြောသည်။

ရီဖန်က ကျွင်းဟောင်ကို စိုက်ကြည့်ကာ မကျေမနပ်ဖြစ်သွား၏။ ကျွင်းဟောင်က ပြုံးသည်။

"ငါက အမြဲတမ်း ကတိတည်တဲ့သူမျိုး၊ မင်းပြောသလိုပဲ ငါ ပြောသမျှတိုင်းက မှန်ကန်တယ်လေ၊ ငါက ယုံကြည်လို့ ရပါတယ်"

ရီဖန်က ပြောသည်။

"သခင်လေးကျွင်း ကျွန်တော် ကြားထားတဲ့အတိုင်းဆိုရင် သခင်လေးက စေ့စပ်ပွဲကို ဖျက်သိမ်းခဲ့တဲ့အချိန်တုန်းက ငါ့ရဲ့အသည်းက သံမဏိလိုမျိုး မာကြောတယ်၊ ဘယ်တော့မှ နောင်တမရဘူးလို့ ပြောခဲ့သလိုပဲ"

ကျွင်းဟောင် "..."

ရီဖန် ဒီကောင် သောက်ပေါက်ကရ စကားတွေကိုပဲ ဘယ်အချိန်အထိ ထပ်ပြောနေမှာလဲ။

ဘာပဲဖြစ်ဖြစ် ရီဖန်က ချီရှောက်ရှန် ပြောသလို ဝတ်ရတာပါပဲ။

ရှန်းယွမ်က မျက်တောင်တဖျတ်ဖျတ်ခတ်ကာ ချီရှောက်ရှန်ကို ကြည့်ပြီး မေးသည်။

"ငါရော ဝတ်ဖို့လိုအပ်လား"

"မင်းကလား"

ချီရှောက်ရှန်က ရှန်းယွမ်ကို ကြည့်သည်။

"သခင်လေးရှန်း သခင်လေး ဝတ်ဖို့မလိုအပ်ပါဘူး၊ သခင်လေးက ကြည့်မှ မကောင်းတာ၊ ဘယ်လိုနည်းနဲ့မှ လိပ်ပြာတွေကို မဆွဲဆောင်နိုင်ဘူး"

ရှန်းယွမ် "..."

ချီရှောက်ရှန် ဒီကောင် သူ့ကို ဘယ်လိုတောင်အထင်သေးတာလဲ၊ သူက လည်း အရမ်းကို ခန့်ညားချောမောတာပါနော်၊ ဟုတ်ပြီလား။

"သခင်လေးချီ သခင်လေးကိုယ်တိုင်ကရော လိပ်ပြာတွေကို ဆွဲဆောင်နေ တာ မဟုတ်ဘူးလား၊ ဘာလို့ တစ်ခုလောက် မဝတ်တာလဲ"

ရှန်းယွမ်က ပြောသည်။

ချီရှောက်ရှန်က လက်ကာပြကာ ပြော၏။

"ငါလား၊ ငါက မလိုဘူး"

ရှန်းယွမ်က မျက်နှာမဲ့သွားသည်။

"ဘာလို့ မလိုအပ်တာလဲ"

ချီရှောက်ရှန်က ဂရုမစိုက်သလိုပြော၏။

"ငါက စွမ်းအားကြီးတယ်လေ၊ လိပ်ပြာတွေကို ဆွဲဆောင်မိရင်တောင်မှ သတ်ပစ်လိုက်လို့ရတယ်"

ရှန်းယွမ် "..."

"တင်းရှယ်"

ရီဖန်၏အသံကို ကြားသည့်အခါ မူတင်းရှယ်က ခေါင်းလှည့်လာပြီး ကြည့်သည်။ သို့သော် ရီဖန်၏မျက်နှာကို မြင်သည့်အခါ မူတင်းရှယ် လန့်သွား၏။

"မင်းမျက်နှာ ဘာဖြစ်သွားတာလဲ"

ရီဖန်က စိတ်ပျက်လက်ပျက်ပြော၏။

"ရှောက်ရှန်က ငါ့ကို ဒါဝတ်ခိုင်းလိုက်တယ်"

မူတင်းရှယ်က ခေါင်းညိတ်သည်။

"သခင်လေးက မှန်တယ်၊ မင်းရဲ့မူလရုပ်ရည်က ထင်ရှားလို့ လိပ်ပြာတွေကို ဆွဲဆောင်နိုင်တယ်"

ရီဖန်က မူတင်းရှယ်ကို အံ့အားတကြီးကြည့်သည်။

"တင်းရှယ် ငါ့ရဲ့အရင်ရုပ်ရည်က ခန့်ညားတယ်လို့ ပြောချင်တာလား"

မူတင်းရှယ်က ခေါင်းညိတ်သည်။

"ဟုတ်တယ်လေ"

"ငါ ချောတယ်လို့ ထင်တာပေါ့နော်"

ရီဖန်က ထပ်မေးသည်။

မူတင်းရှယ်က ခေါင်းညိတ်ပြန်၏။

"အင်း မင်းက အမြဲတမ်းချောပြီးသားပဲ"

ရီဖန်က ရှက်ရွံ့စွာဖြင့် ခေါင်းကိုငုံ့သွားသည်။ မျက်နှာဖုံး၏အောက်တွင်ရှိသည့် ရီဖန်၏မျက်နှာက နီရဲနေ၏။

အဝေးမှကြည့်နေသည့်ကျွင်းဟောင်းက မျက်နှာပျက်သွားသည်။

ရီဖန် ဒီကောင် ကံကောင်းလိုက်တာ၊ မူတင်းရွှယ်က ဒီလိုရုပ်ကြီးကို တောင် ကြည့်ကောင်းတယ်လို့ ပြောနေသေးတယ်၊ သူကမှ တကယ်ကြည့် ကောင်းတာပါ...

…..........

"အရှင်"

မနေ့က ကျွင်းဟောင်းကယ်ခဲ့သည့် ကောင်မလေးက အပြေးအလွှား ရောက်လာသည်။ သို့သော် ကျွင်းဟောင်းက လှည့်ကြည့်လိုက်သည့်အခါ ကောင်မလေးက ကြောင်သွားပြီး ခြေလှမ်းများစွာ ဆုတ်လိုက်သည်။

"အရှင် အရှင် ဘယ်လိုဖြစ်သွားတာလဲ"

"သူက အမြဲတမ်း အဲဒီလိုပဲ၊ ရုပ်ချောအောင်လို့ မျက်နှာဖုံးတပ်ထားတာ လေ"

ရီဖန်က ဝင်လာပြီးပြောသည်။

သူက ကျွင်းဟောင်း၏ပုခုံးပေါ် လက်တင်ထား၏။

"သူက အရင်တုန်းက ရုပ်ဆိုးတယ်ဆိုရင် ဘာလို့အမြဲတမ်း ရုပ်မဆိုးနေ တာလဲ"

ကောင်မလေးက ပြန်မေး၏။

ရီဖန်က ပြုံးသည်။

"သူ ရုပ်ချောအောင် တပ်ထားတဲ့မျက်နှာဖုံးက ပျက်စီးသွားလို့ပေါ့"

ကောင်မလေးက ကျွင်းဟောင်းကိုကြည့်ကာ စိတ်ညစ်သွားသည်။ သူမက ထိတ်လန့်စွာဖြင့် ထွက်ပြေးသွားခဲ့၏။

"ကျွန်မ ကျွန်မ အရင်သွားတော့မယ်"

ရီဖန်က ရယ်သည်။

"ဒီကောင်မလေးက အပြစ်ကင်းလိုက်တာ၊ လှည့်စားဖို့လွယ်တယ်"

ကျွင်းဟောင်က ရီဖန်ကို ကြည့်သည်။

"မင်းရဲ့မျက်နှာဖုံးကရော ဘယ်မှာလဲ"

"ဒီနေရာမှာ ဘယ်သူမှ မရှိတာ၊ အခုလောလောဆယ်တော့ မဝတ်သေးဘူး၊ မြို့ထဲကိုဝင်တာနဲ့ ငါ ဝတ်မှာပါ"

ကျွင်းဟောင် ခေါင်းညိတ်လိုက်သည်။

"ဒါကောင်းတယ်၊ မူတင်းရှယ်က မင်းကို အမြဲတမ်းရုပ်ဆိုးတယ်လို့ တွေးသွားမှာကို ကြောက်တာမဟုတ်လား"

ရီဖန် "..."

ရီဖန်က ကျွင်းဟောင်ကို ကြည့်ပြီးပြုံး၏။

"သခင်လေးကျွင်း သခင်လေးကျွင်းက ကောင်မလေးကို ဘယ်လောက်ထိတ်လန့်အောင် လုပ်လိုက်သလဲကြည့်၊ သခင်လေး ပထမဆုံးအကြိမ်အတွေ့အကြုံ မဟုတ်လား"

ကျွင်းဟောင် "..."

"ဒီလောကက ဘယ်လိုအရာမျိုးကမှ မင်းရဲ့အတွင်းစိတ်ကို စိတ်ဝင်စားမှာမဟုတ်ဘူး၊ အပေါ်ယံရုပ်ရည်ကိုပဲ ကြည့်ကြမှာ၊ ဒါကြောင့် မျက်နှာကို ဘယ်တော့မှ မပျက်စီးအောင် ဂရုစိုက်ပါ"

ရီဖန်က ပြုံးပြီးထွက်သွားသည်။

ကျွင်းဟောင်က ရီဖန်ကို ကြည့်ကာ ပြော၏။

"ချီရှောက်ရှန်ရဲ့ဘေးနားမှာ ဒီလိုမကောင်းတဲ့ ရီဖန်လိုကောင်တွေပဲ ရှိနေတာပဲ"

ကျွင်းဟောင်က ရှန်းယွမ်ရှိရာဘက်သို့ ကြည့်လိုက်သည်။ ရှန်းယွမ်က ကျွင်းဟောင်၏အကြည့်ကို ခံစားမိသည့်အခါ သူ့ကိုပြန်ကြည့်ပြီး ရှုံးကြောင်ကြောင်ပြုံး၏။ ကျွင်းဟောင် သက်ပြင်းချလိုက်သည်။

ချီရှောက်ရှန်၏ပတ်ဝန်းကျင်တွင် မကောင်းသည့်သူတွေနှင့် ပြည့်နှက်နေသည်။ သူ၏ပတ်ဝန်းကျင်တွင်မူ ကျပ်မပြည့်သည့်သူတွေနှင့်သာ ပြည့်နှက်နေ၏။ ဘဝက ဆိုးရွားလွန်းသည်။

"ကောင်းပြီ၊ လူပိုတွေလည်း ထွက်သွားပြီဆိုတော့ မြန်မြန်သွားကြစို့"

ချီရှောက်ရှန်က ပြောသည်။

ရီဖန်က ချီရှောက်ရှန်ကိုကြည့်ကာ ပြော၏။

"သခင်လေး ကျွန်တော်တို့ အမြန်သွားဖို့ လိုလို့လား"

"အဲဒီကောင်မလေးက စိတ်လှုပ်ရှားပြီး လန့်သွားတာလေ၊ သိပ်မကြာခင်မှာ ပြန်လာလိမ့်မယ်၊ အဲဒီအချိန်ကျရင် ငါတို့ခရီးက ထပ်ပြီးနှောင့်နှေးသွားလိမ့်မယ်"

ချီရှောက်ရှန်က ပြောသည်။

ကျွင်းဟောင်က ခေါင်းညိတ်၏။

"ရှောက်ရှန် ပြောတာမှန်တယ်၊ သွားကြစို့"

***